# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့လိုက်ပါ၍ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻




**◆ နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိ**

**◆ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်**

**◆ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံရေး အသိပညာများ ရရှိစေရေး သင်ကြားပေးသွားရမည်**

❊ *ရှေ့ဖုံးမှ*

**အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံရေး အသိပညာများရရှိစေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့်အတိုင်း ကလေးငယ်များအနေဖြင့် ငယ်စဉ်ကလေးဘဝကတည်းကပင် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာပြောဆိုတတ်စေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြန်လည်ပြုပြင်တည်ဆောက်ရန်လိုအပ်သည့် စာသင်ဆောင်များနှင့် ယာယီစာသင်ဆောင် ဆောက်လုပ်နေမှုတို့အား လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားပြီး စာသင်ဆောင်များတွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

**ရာဇမဏိစူဠာ**
**ကောင်းမှုတော်စေတီတော်မြတ်ကြီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေ တန်ချိန် ၁၅၀၀ ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းတို့ကို ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ကောင်းမှုတော်စေတီတော်မြတ်ကြီးအတွင်းပိုင်း၊ အပြင်ပိုင်းနှင့် စောင်းတန်းများ၊ သာသနိကအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်၌ ရှင်းလင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး မြောက်ဘက်မျက်နှာစာရှိ မေတ္တာကန်၌ ငါးစာကျွေးခြင်း၊ ငါးလွှတ်ခြင်းတို့ ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးရှိ အောင်မြေဗောဓိမ္ဗာရုံအတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် ဂေါပကအဖွဲ့ဝင်များက ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီးသမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်၊ မေတ္တာကန်ပတ်လည်၌ အရိပ်ရအပင်များကို အတန်းလိုက်၊ အကန့်လိုက် စိုက်ပျိုးသွားရန်၊ ဘုရားစေတီများရှိ စောင်းတန်းများတွင် ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် နားနေနိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံစုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဘိလပ်မြေတန်ချိန် ၁၅၀၀လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာ ဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူအပေါင်းတို့ ရရှိစေရန် အမျှပေးဝေကြသည်။

**ဆွမ်းဦးပုညရှင်စေတီတော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြပြီး ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓမ္မာရုံ၌ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုမှတ်တမ်းဓာတ်ပုံများ၊ စေတီတော်ကြီးအား ကျွမ်းကျင်ပညာရှင်များက တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့မှုအခြေအနေများ၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သံကူကွန်ကရစ်ထုပ်များဖြင့် အားဖြည့်တည်ထားမည့်နမူနာပုံစံများ၊ စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ နေရာချထားမည့် နမူနာပုံစံများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ရှေးမူမပျက် မူလပုံစံအတိုင်း ပြန်လည်ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ စေတီတော်မြတ်ကြီး၏ ယခင်မှတ်တမ်းဓာတ်ပုံများကို ပြန်လည်စုဆောင်း၍ သမိုင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျပြုစုထားရှိသွားရန်နှင့် စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

**စစ်ကိုင်းတံတား(အင်းဝ)**

**ခုံးအမှတ်(၄)နှင့်(၅) ဖယ်ရှားရှင်းလင်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတံတား(အင်းဝ) ခုံးအမှတ်(၄)နှင့်(၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်း ဖွင့်လှစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဧရာဝတီတံတား(ရတနာပုံ)တွင် Lateral Bracing , Bearing နှင့် Pier တိုင်များ ပျက်စီးသည့်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မဟာမြတ်မုနိဘုရားကြီး ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညို၍ ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင် အများပြည်သူများလှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

- **ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လို**
- **အင်ဂျင်နီယာရှုထောင့်မှကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြား**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာ နံရံဆေးရေး ပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြတိုက်တော်ကြီးအတွင်း၌ မန္တလေးမြို့တော်ဝန်နှင့် မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ဂေါပကအဖွဲ့ထံ ဘက်စုံစုပေါင်းအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။

## ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေကို ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

### မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးနှင့် စူဠာမုနိရုပ်ရှင်တော်မြတ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော်မြတ်အား ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် ရွှေသင်္ကန်းတော်နှင့် ရွှေပလ္လင်တော်ကပ်လှူပူဇော်ထားရှိမှုအား ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံစုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ကျောင်းတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များအား ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခေတ်အဆက်ဆက် လက်ချင်းယှက်၍ ရင်းနှီးချစ်ကြည်ခဲ့ကြသော မြန်မာ - တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး

**မြန်မာ-တရုတ် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် စတင်ခဲ့ကြသည်။ သို့သော် အိမ်နီးချင်းနှစ်နိုင်ငံတို့၏ မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးမှာမူ နှစ်ပေါင်းထောင်ချီ ရှည်ကြာခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်သည့်အခါ မြန်မာနိုင်ငံက ကွန်မြူနစ်မဟုတ်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ပထမဆုံးအသိအမှတ်ပြုခဲ့သည်။**

မောင်ကမ္ဘာ

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမမျိုးဆက်ခေါင်းဆောင်ကြီး မော်စီတုံး (၁၉၄၉ - ၁၉၇၆)၊ ဒုတိယမျိုးဆက်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်(၁၉၇၈-၁၉၈၉)၊ တတိယမျိုးဆက်ခေါင်းဆောင်ကြီး ကျန်ဇီမင်း (၁၉၈၉-၂၀၀၄)၊ စတုတ္ထမျိုးဆက်ခေါင်းဆောင်ကြီး ဟူကျင်ထောင်း (၂၀၀၂-၂၀၁၂)နှင့် လက်ရှိ ပဉ္စမမျိုးဆက်ခေါင်းဆောင်ကြီး ရှီကျင့်ဖျင် (၂၀၁၂ - လက်ရှိ) အထိတိုင်အောင် တရုတ်ခေါင်းဆောင်အဆက်ဆက်သည် မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသည်။ အပြန်အလှန်ကူးလူးယှက်နွယ်ဆက်ဆံမှုများရှိခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်များသည်လည်း မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက်ဝန်ကြီးချုပ်များနှင့် အထူးတလည် ရင်းနှီးခင်မင်ခဲ့ကြသည်။

အထူးသဖြင့် နှစ်နိုင်ငံလွတ်လပ်ရေးခေတ်ဦးကာလများတွင် မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးချုပ်ချူအင်လိုင်းတို့၏ ပုဂ္ဂိုလ်ရေးရင်းနှီးကျွမ်းဝင်မှုမှာ ညီရင်းအစ်ကိုပမာရှိခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ တွေ့ရှိနိုင်သည်။ ဝန်ကြီးချုပ် ဦးနုနှင့် ချူအင်လိုင်းတို့သည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့တွင် တရုတ်-မြန်မာချစ်ကြည်ရေးသည် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည်ဟု ယုံကြည်ထားသူများပီပီ တရုတ်-မြန်မာချစ်ကြည်ရေးကို အစွမ်းကုန်တည်ဆောက်ခဲ့ကြသည်။

၁၉၅၄ ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားလာလည်ပတ်ခဲ့ကြသည်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို ဝင်ရောက်ဆင်နွှဲခဲ့သည့်နည်းတူ ဝန်ကြီးချုပ်ဦးနုကလည်း ၁၉၅၇ ခုနှစ်တွင် ယူနန်ပြည်နယ်ရှိ ရှစ်ဆောင်ပန္နားဒေသ သင်္ကြန်ရေသဘင်ပွဲတော်ကို သွားရောက်ဆင်နွှဲခဲ့သည်။

ဝန်ကြီးချုပ်ဦးနုကို တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် နိုင်ငံခြားရေးဝန်ကြီး မာရှယ်ချင်ယီတို့က ယူနန်ပြည်နယ်မှ ခရီးဦးကြိုဆိုခဲ့ကြသည်။ ထိုအချိန်တွင် ဝန်ကြီးချုပ်ချူအင်လိုင်းမှာ ကျန်းမာရေးအားနည်းကာ နေထိုင်မကောင်းဖြစ်ပြီး၍ နာလန်ထူခါစရှိသေးသည်။ ဝန်ကြီးချုပ်ဦးနု၏ ခရီးဦးကြိုဆိုမှုကို ယူနန်ဒေသအာဏာပိုင်တို့နှင့်သာ လွှဲထား၍ရနိုင်သော်လည်း ဝန်ကြီးချုပ်ချူအင်လိုင်းမှာ သူမြန်မာပြည်လာစဉ်အခါတိုင်း ဦးနုက အမြဲလိုက်ပါ၍ ဧည့်ဝတ်ကျေပွန်မှုကို အတုံ့အလှည့်အားဖြင့် အပြန်အလှန်ဧည့်ဝတ်ကျေပွန်ချင်လှသောကြောင့် ကိုယ်တိုင်ခရီးဦးကြိုလိုက်ပါခဲ့ခြင်းဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ - တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် တရုတ်ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။ (၈-၆-၂၀၂၅)

ဝန်ကြီးချုပ်ဦးနုကလည်း ဝန်ကြီးချုပ် ချူအင်လိုင်း၏ ဧည့်ဝတ်ကျေပွန်မှုကို အသိအမှတ်ပြုခဲ့သည်။ ဦးနုက ဝန်ကြီးချုပ်ချူအင်လိုင်းသည် တစ်ဖက်သားအပေါ် မထီမဲ့မြင်မလုပ်ခြင်း၊ သည်းခံခြင်း၊ ဧည့်သည်များအပေါ် အသေးအဖွဲ့မှအစ မလစ်ဟင်းရအောင် အထူးဂရုတစိုက် ဧည့်ဝတ်ကျေပွန်ခြင်းရှိသူ၊ အတုယူစရာကောင်းသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုလေးစားသမှုရှိခဲ့သည်။

၁၉၇၀ ကျော်လွန်နှစ်များတွင် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများမှခေါင်းဆောင်အချို့သည် တရုတ်ပြည်ကြီးနှင့် ရွှေလမ်းငွေလမ်းဖောက်ချင်လာကြသဖြင့် တရုတ်ခေါင်းဆောင်ကြီးများ၏ ဝါသနာနှင့် ဓလေ့စရိုက်ကို လေ့လာခဲ့ကြသည်။ တရုတ်ခေါင်းဆောင်များမှာ ပင်ပေါင်အားကစားနည်းကို အထူးဝါသနာပါကြသည်ကိုသိရ၍ အမေရိကန်က ကနဦး ပင်ပေါင်အားကစားအဖွဲ့ကို ပေကျင်းသို့ စေလွှတ်ပြီး စတင်လမ်းဖောက်ရာမှ အမေရိကန်သမ္မတနစ်ဆင်နှင့် တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးတို့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်။ ထိုသို့ ၁၉၇၀ ကျော်လွန်နှစ်များတွင် တရုတ်နှင့် အမေရိကန်တို့ ရွှေလမ်းငွေလမ်း သံတမန်စခန်းဖွင့်လှစ်နိုင်ခဲ့မှုအပေါ် ထိုစဉ်က ကမ္ဘာ့နိုင်ငံရေးလောကတွင် **“ပင်ပေါင်ဒီပလိုမေစီ”**၊ **“ပါဆင်နယ် ဒီပလိုမေစီ”** ဟူ၍ တင်စားခဲ့ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်များ၏ **“ပါဆင်နယ်ဒီပလိုမေစီ”**ကမူ “ဆွေမျိုးပေါက်ဖော်” အဆင့်ခရီးပေါက်ခဲ့ပြီဖြစ်၍ မြန်မာနှင့်တရုတ်တို့သည် နှစ်နိုင်ငံသမိုင်းတွင် သမိုင်းဝင်၊ သမိုင်းတွင်စေမည့် တရုတ်-မြန်မာနယ်ခြားသတ်မှတ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ တရုတ်-မြန်မာနှစ်နိုင်ငံ နယ်ခြားသတ်မှတ်ရေးသဘောတူစာချုပ်ကို ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပေကျင်းမြို့၌ ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းတို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သံတမန်ရေးရာကိစ္စများတွင်လည်း နှစ်နိုင်ငံစလုံးက တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖေးမကူညီခဲ့ကြသည်။ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့၌ကျင်းပခဲ့သည့် ကိုလံဘို ငါးနိုင်ငံညီလာခံတွင် အာဖရိကနှင့် အာရှနိုင်ငံများညီလာခံတစ်ရပ်ကို ၁၉၅၅ ခုနှစ် ဧပြီလ၌ကျင်းပရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို မဖိတ်ဘဲထားရန် အဆိုတင်သွင်းခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို မဖိတ်ဘဲထားခဲ့ပါက အာဖရိကနှင့် အာရှနိုင်ငံများညီလာခံကို တာဝန်ယူဖိတ်ခေါ်မည့် ကိုလံဘို(ငါး)နိုင်ငံအဖွဲ့မှ မြန်မာနိုင်ငံထွက်မည်ဟု တိတိလင်းလင်း

*စာမျက်နှာ ၇ သို့*

**✻ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ၂၀၂၅ ခုနှစ် မေလက ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်အတွင်း တွေ့ဆုံ၍ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးအပါအဝင် အရေးကြီးသည့် သဘောတူညီချက်များရရှိသည်အထိ ဆွေးနွေးခဲ့ကြ**

**✻ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၀**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့)အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များက ညှိ့ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား စေတီတော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ အထိမ်းအမှတ် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား သို့ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား ဆရာတော်ကြီးများနှင့် ပင့်သံဃာ့တော် ၁၀၈ ပါးက ဆံတော်တိုက်ပတ်လည်နှင့် အာရုံခံတန်ဆောင်းများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။



ထို့နောက် ရွှေသင်္ကန်းလှူဒါန်းမှုအောင်ပွဲ ရေစက်ချ အနုမောဒနာ မင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင် တိုးချဲ့ဓမ္မရင်ပြင်မင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ညှိ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်များကို လျှောက်ထားပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋ္ဋကဓရ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်မှုနှင့်ပတ်သက်၍ ဝမ်းသာပီတိ မုဒိတာစကားမိန့်ကြားတော်မူသည်။

ယင်းနောက် တိပိဋကရွှေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ လှုရတနာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋ္ဋံသကာပါဠိပါရဂူ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားရုပ်သိမ်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ကန့်ကွက်ပြောဆိုခဲ့သဖြင့် အဆိုပါအဖွဲ့ဝင်နိုင်ငံမှ ဝန်ကြီးချုပ်က သူ့အဆိုကို ပြန်လည်ရုပ်သိမ်းသွားခဲ့ရသည်။

ထို့အတူ မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အခြေခံကျသည့်မူဝါဒအဖြစ် အစဉ်တစိုက်ခိုင်ခိုင်မာမာကျင့်သုံးလျက်ရှိသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့သည်။ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက်ရပ်တည်ထောက်ခံပေးခဲ့ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်တို့ အမြော်အမြင်ကြီးမားစွာ ပြုစုပျိုးထောင်ခဲ့သော မြန်မာ–တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအထိ တိုးမြှင့်လာနိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကလည်း ကဏ္ဍစုံ ပိုမိုတိုးတက်များပြားလာသည်။ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိ တရုတ်–မြန်မာစင်္ကြံ မဟာဗျူဟာမြောက်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ ခေါင်းဆောင်အဆက်ဆက်တို့ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ကူးလူးယှက်နွယ်ဆက်သွယ်ခဲ့ကြသည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ်ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် ၂၀၂၅ ခုနှစ် မေလ က ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်စဉ်အတွင်း တွေ့ဆုံ၍ မြန်မာ–တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးအပါအဝင် အရေးကြီးသည့် သဘောတူညီချက်များ ရရှိသည်အထိ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလဆန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (GMS)၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး(ACMECS)နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး(CLMV)တို့ တက်ရောက်စဉ်အတွင်း တရုတ်ဝန်ကြီးချုပ် မစ္စတာလီချန်းနှင့်တွေ့ဆုံ၍ မူဆယ်–မန္တလေး–ကျောက်ဖြူ ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်း၊ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအပြင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများသည် ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက်သည့် မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ထံပေးပို့သော သဝဏ်လွှာတွင် “အခွင့်အခါကြုံခိုက် မကြာသေးမီက မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုအပြီး လူသားချင်းစာနာထောက်ထားသည့်အကူအညီများကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ယင်းသို့ ကူညီရိုင်းပင်းမှုများက ဘေးဒုက္ခကြုံတွေ့ရချိန်တွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စာနာနားလည်မှုတို့ကို ပြသလျက်ရှိခြင်းပင်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံ ပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကို ဖော်ထုတ်နိုင်ရေးအတွက် အဆွေတော်နှင့်အတူဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်” စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပေးပို့သော သဝဏ်လွှာတွင် “တရုတ်–မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံအတွက် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ရပ်ဝန်းနှင့်ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တရုတ်–မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် အကျိုးစီးပွားများကို အတူတကွဆောင်ကြဉ်းရန် အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်” စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်လီချန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်အထိမ်းအမှတ် အခါသမယတွင် သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

**“ကျွန်ုပ်က မြစ်ဖျားမှာနေပြီး အဆွေတော်က**
**မြစ်အောက်ပိုင်းမှာနေတယ်။**
**တစ်မြစ်ထဲကရေကို အတူသောက်သုံး၊**
**အပြန်အလှန်သံယောဇဉ်အနန္တ။**
**ကျွန်ုပ်ချောင်းဖျားကရေကို သောက်သုံးသလို၊**
**အဆွေတော်က ချောင်းအောက်ပိုင်းကရေကို**
**သောက်ပါတယ်။**
**ချောင်းငယ် ထာဝရစီးဆင်းနေသမျှ၊**
**အချင်းချင်းသာယာလှပခြင်းကို**
**ရှုစားခံစားနိုင်တယ်။**
**အချင်းချင်းအိမ်နီးချင်းပေမို့၊**
**ချစ်ကြည်ရင်းနှီးမှုကို**
**ရေရှည်တည်ဆောက်ကြမယ်လေ”**


၁၄ – ၁၂ – ၁၉၅၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး မာရှယ်ချင်ယီရေးဖွဲ့ခဲ့သော **“မြန်မာမိတ်ဆွေများသို့”**ဟူသည့် သမိုင်းဝင်ချစ်ကြည်ရေးကဗျာတေးသွားသည် မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် ပြန်လည်သက်ဝင်နိုးထလာခဲ့ပါသည်။

ခေတ်အဆက်ဆက် လက်ချင်းယှက်၍ ရင်းနှီးချစ်ကြည်ခဲ့ကြသော မြန်မာ–တရုတ်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေသားဟူ၍ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။


## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်တကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။





ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# “မိုးတိမ်”တဲ့လား၊ နိုးနိုးကြားကြားသတိထား

သာထူး

ကမ္ဘာတစ်လွှား ကိုဗစ်- ၁၉ ကူးစက်မှုသတင်းတွေကြောင့် သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကိုယ်က စိုးရိမ်မိသလို သက်ဆိုင်ရာ တာဝန်ရှိသူတွေဘက်ကလည်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနဲ့ ဗီဇပြောင်းမျိုးကွဲအသစ်တွေ ကူးစက်မှုတွေဖြစ်နေတာကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနေတဲ့အကြောင်း၊ နိုင်ငံတကာ ဝင်ထွက်သွားလာနေတဲ့ လေဆိပ်တွေ၊ ဆိပ်ကမ်းတွေ၊ နယ်စပ်ဝင်ထွက်မှုတွေကို စောင့်ကြပ်ကြည့်ရှုနေတဲ့အကြောင်း၊ ပြည်တွင်းမှာလည်း အဖျားရောဂါ လက္ခဏာကို စောင့်ကြည့်နေတဲ့အကြောင်း သိရပြန်တော့ စိုးရိမ်မှုက တစ်ဝက်လောက် လျော့ကျခဲ့ရပါတယ်။

ကိုဗစ်-၁၉ ရောဂါဟာ လူသားတွေဘက်က ကာကွယ်ဆေးထိုးနှံမှုတွေ၊ ကိုယ်ခံအား မြင့်တက်လာမှုတွေကြောင့် ကူးစက်ပျံ့နှံ့မှုတွေ တဖြည်းဖြည်း လျော့ကျလာပြီး နောက်ဆုံးတစ်နေ့မှာ သာမန်တုပ်ကွေးရောဂါပုံစံမျိုး ရောက်ရှိသွားလိမ့်မယ်လို့ ကြိုတင်တွက်ဆခဲ့ကြပေမယ့် မှော်ဆရာလို အစွမ်းပြနေတဲ့ ကိုဗစ်က ဗီဇမျိုးကွဲတွေ အမျိုးမျိုးပြောင်းပြီး လူတွေကြားထဲမှာ နေပြနေတုန်းပါ။ ဒါကြောင့်လည်း ကမ္ဘာ့ကူးစက်ရောဂါအဆင့်ကနေ လျှော့ချပြီးတာတောင် မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ရပြီး လက်ရှိမှာတော့ ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ နိုးနိုးကြားကြားရှိကြဖို့ တပ်လှန့်သံတွေ၊ သံချောင်းခေါက်သံတွေ ကမ္ဘာအနှံ့ ပြန်လည်ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်လာတဲ့ ယနေ့ခေတ်မှာ ကမ္ဘာ့တိုက်ကြီးတွေ တစ်ခုနဲ့တစ်ခုအကြား လူတွေနဲ့အတူ လိုက်ပါ ကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ နောက်ဆုံးပေါ်မျိုးကွဲ အသစ်စက်စက်ကတော့ Nimbus ခေါ် NB.1 .8.1 ပါတဲ့။ မူလလက်ဟောင်း အိုမီခရွန် (Omicron) အုပ်စုဝင် SARS–CoV–2 မျိုးကွဲ NB.1.8.1 ပေါ် ထွက်လာတာကို ကမ္ဘာက စောင့်ကြည့်နေကြပြီ ဖြစ်ပါတယ်။



ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်မှုမြင့်တက်လာနေသည့် အိုမီခရွန်အုပ်စုဝင် SARS–CoV–2 မျိုးကွဲ NB.1.8.1 (ခေါ်) Nimbus အား အဏုကြည့်မှန်ပြောင်းဖြင့် မြင်တွေ့ရစဉ်။


- **ကမ္ဘာ့တိုက်ကြီးတွေ တစ်ခုနဲ့တစ်ခုအကြား လူတွေနဲ့အတူ လိုက်ပါ ကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ နောက်ဆုံးပေါ်မျိုးကွဲ အသစ်စက်စက်ကတော့ Nimbus ခေါ် NB.1.8.1 ပါတဲ့။ မူလလက်ဟောင်း အိုမီခရွန် (Omicron) အုပ်စုဝင် SARS-CoV-2 မျိုးကွဲ NB.1.8.1 ပေါ် ထွက်လာတာကို ကမ္ဘာက စောင့်ကြည့်နေကြပြီဖြစ်**
- **Nimbus (NB.1.8.1) ရဲ့ ထူးခြားချက်တွေကတော့ သူ့ရှေ့က မျိုးကွဲတွေထက် ကူးစက်မှုပိုမြန်တာကြောင့် ဒေသတစ်ခုခုမှာ ကူးပြီဆိုရင် အချိန်တိုအတွင်း ကူးစက်ခံရသူ အရေအတွက်တွေ မြင့်တက်လာတာတွေ့ရတယ်လို့ သတင်းများအရ သိရ**

လက်တင်ဘာသာနဲ့ **“မိုးတိမ်”** လို့အဓိပ္ပာယ်ရတဲ့ Nimbus ဟာ သူ့အရင်က မျိုးကွဲတွေထက် ကူးစက်နိုင်စွမ်းမြင့်မားပြီး ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုရဲ့ ၁၀ ဒသမ ၇ ရာခိုင်နှုန်းရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုပါတယ်။ အာရှဒေသမှာ အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူနဲ့ ထိုင်းတို့အပါအဝင် နိုင်ငံအများအပြားမှာ ကိုဗစ်-၁၉ ပြန်လည်ဖြစ်ပွားခဲ့တဲ့ အဓိကလက်သည်ဟာ Nimbus ဖြစ်တယ်လို့ဆိုပါတယ်။ အိန္ဒိယမှာ ပြီးခဲ့တဲ့ မေလ ၂၇ ရက်နေ့အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိပြီး ဒေလီမြို့ တစ်မြို့တည်းမှာ ၁၀၄ ယောက် ကူးစက်ခံခဲ့ရပါတယ်။ Nimbus (NB.1.8.1) ကို တမီလ်နာဒူးပြည်နယ်မှာ တွေ့ခဲ့ရပြီး ဂူဂျာရတ်မှာတော့ တခြားမျိုးကွဲ LF.7 ကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဟောင်ကောင်နဲ့ စင်ကာပူတို့မှာ ကိုဗစ်-၁၉ ဖြစ်ပွားမှု သိသိသာသာမြင့်တက်နေပြီး မေလအစောပိုင်းက စင်ကာပူမှာ အပတ်စဉ်ရောဂါဖြစ်ပွားမှု ၁၁၁၀၀ ကနေ ၁၄၂၀၀ အထိ တိုးခဲ့တယ်လို့ ဆိုပါတယ်။ အိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံမှာလည်း ရက်အနည်းငယ်အတွင်း ကူးစက်ခံရသူ ၆၀၀၀ ကနေ ၃၃၀၀၀ ကျော်အထိ သိသိသာသာ မြင့်တက်လာခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ Nimbus (NB.1.8.1) ဟာ နိုင်ငံပေါင်း ၂၂ နိုင်ငံကို ပျံ့နှံ့နေပြီး အမေရိကန်နိုင်ငံမှာ နယူးယောက်၊ ကယ်လီဖိုးနီးယား၊ အရီဇိုးနား၊ အိုဟိုင်းယိုးနဲ့ ရို့ဒ်အိုင်းလန်းတို့မှာ တွေ့နေရပြီလို့ ဆိုပါ တယ်။

Nimbus (NB.1.8.1) ရဲ့ ထူးခြားချက်တွေကတော့ သူ့ရှေ့ကမျိုးကွဲတွေထက် ကူးစက်မှု ပိုမြန်တာကြောင့် ဒေသတစ်ခုခုမှာ ကူးပြီဆိုရင် အချိန်တိုအတွင်း ကူးစက်ခံရသူ အရေအတွက်တွေ မြင့်တက်လာတာတွေ့ရတယ်လို့ သတင်းများအရ သိရပါတယ်။ ယေဘုယျ ရောဂါလက္ခဏာတွေကတော့ ဆိုးဆိုးရွားရွား လည်ချောင်းနာတာ၊ ပင်ပန်းနွမ်းနယ်တာ၊ ချောင်းနည်းနည်းဆိုးတာ၊ ဖျားတာ၊ ကြွက်သားတွေ ကိုက်ခဲတာ၊ အသက်ရှူရခက်တာတွေ ဖြစ်တယ်လို့ သိရပါတယ်။ ရောဂါကို ဖြစ်မလာခင် ကြိုတင်ကာကွယ်ခြင်းကသာလျှင်အကောင်းဆုံးဖြစ်တာနဲ့အညီ ကိုယ့်ကိုယ်ကိုယ် ရောဂါကူးစက်မလာအောင် ကြိုတင်ကာကွယ်ဖို့ လိုပါတယ်။ ကာကွယ်ပုံနည်းလမ်းကတော့ အရင်အတိုင်းပါပဲ။ ပါးစပ်နဲ့ နှာခေါင်းစည်း (Mask) တပ်ဖို့၊ လူထူတဲ့နေရာကိုရှောင်ဖို့နဲ့ မဖြစ်မနေ သွားရမယ်ဆိုရင်လည်း အရည်အသွေးပြည့်မီတဲ့ Mask ကို စနစ်တကျ တပ်ဖို့၊ လှေကားလက်ရန်းတွေ၊ တံခါးလက်ကိုင်ဘုတွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေ၊ လူအများကိုင်ထားတဲ့အရာတွေ စသည်ဖြင့် ဟိုကိုင်ဒီကိုင်ကိုင်ထားတဲ့လက်တွေကို သန့်စင်အောင် မကြာခဏ ဆေးကြောကြရပါမယ်။ ရောဂါလက္ခဏာတွေ့ရင်လည်း မိမိကိုယ်တိုင်ပဲဖြစ်ဖြစ်၊ မိသားစုထဲမှာဖြစ်ဖြစ် တွေ့ရတယ်ဆိုရင် နီးစပ်ရာဆေးရုံဆေးခန်းတွေမှာ စနစ်တကျ စစ်ဆေးကုသမှု ခံယူဖို့လိုပါတယ်။

တစ်ဆက်တည်းမှာပဲ ပြောလိုတာကတော့ ကိုဗစ်-၁၉ သာမကဘဲ ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော စသည်ဖြင့် ရာသီအလိုက်ဖြစ်တတ်တဲ့ ကူးစက်ရောဂါတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ သတိပေးနှိုးဆော်နေပါတယ်။ နိုင်ငံပိုင်မီဒီယာတွေမှာ ဖော်ပြပေးနေတဲ့ သတိပေးနှိုးဆော်ချက်တွေ၊ ဆောင်ရန် ရှောင်ရန်အချက်တွေ၊ အသိပညာပေးမှုတွေကို အမှတ်တမဲ့ ကျော်လွှားမသွားကြဘဲ သတိပြုဖတ်ရှုလေ့လာကြဖို့၊ မှတ်သားလိုက်နာကြဖို့ တိုက်တွန်းချင်ပါတယ်။ ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့လည်း ကမ္ဘာ့ကပ်ရောဂါအဆင့် မဟုတ်တော့ဘူးဆိုသည့်တိုင် ကူးစက်မှုမြင့်တက်လာတဲ့ အခြေအနေနဲ့ အများအပြားဖြစ်ပွားနေတဲ့ နိုင်ငံတွေမှာ လူအသေအပျောက်ရှိနေတဲ့ အခြေအနေတွေကြောင့် ပေါ့ပေါ့ဆဆ မနေကြဘဲ နိုးနိုးကြားကြား သတိထားကြဖို့လိုပါတယ်။

ကျောင်းသား ကျောင်းသူတွေနဲ့ ပတ်သက်ပြီးတော့လည်း နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားရင် နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံကို သတင်းပို့ဖို့နဲ့ ဆေးကုသမှုခံယူရေးအတွက် ဆရာ ဆရာမတွေကိုရော မိဘအုပ်ထိန်းသူ ပြည်သူများကိုပါ ပညာရေးဝန်ကြီးဌာနက ကျောင်းအပ်ကာလမှာကတည်းက မေတ္တာရပ်ခံထားပါတယ်။ မျိုးရိုးဗီဇပြောင်းလာတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးတွေကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတွေ ထိုးနှံပေးလာတဲ့ အခါမှာလည်း မပျက်မကွက် ထိုးနှံမှုခံယူကြဖို့နဲ့ လူတစ်ဦးချင်းစီက မိမိကိုယ်ကိုယ် စနစ်တကျ ကာကွယ်ခြင်းအားဖြင့် ကိုဗစ်-၁၉ မျိုးကွဲသစ်များကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်ကြမှာ ဖြစ်ပါတယ်။ ။



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ယနေ့အစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်အထိ ချေးငွေများထုတ်ချေးထားရှိမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ ချေးငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိရေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်မှု ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေ ထုတ်ချေးရေးစာချုပ်ချုပ်ဆို ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသော ချေးငွေ သက်တမ်းတိုးမြှင့် ခွင့်ပြုရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုရန်ကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲတက်ရောက်

**နေပြည်တော် ဇွန် ၁၀**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧက ပန်းတိုင် အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ရှင်းလင်းဆောင်၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊



ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိုးစပါးစိုက်တောင်သူများအနေဖြင့် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကို နိုင်ငံတော်ထောက်ပံ့ငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်းမရရှိပါက အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ သို့မှသာ စိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး တောင်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်းမြင့်မားလာစေမည်ဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ခဲ့သည့် သွင်းအားစုနှင့်ညီမျှသောငွေများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများ၊ သမဝါယမ Exam Bank ချေးငွေများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကြေပေးသွင်းကြရန် လိုအပ်ကြောင်း၊ ယခုနိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း အသင်းသားတောင်သူများ အချိန်မီ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် အောင်နိုင်တိုး၊ ထိုင်းနံ့ကောက် မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

** ကျောဖုံးမှ*

အင်ဇာဂီသည် မေ ၃၁ ရက်က ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပီအက်စ်ဂျီအသင်းကို ငါးဂိုးပြတ် ရှုံးနိမ့်ပြီးနောက် အင်တာမီလန်အသင်းမှ ထွက်ခွာခဲ့သူ ဖြစ်သည်။ ၎င်းသည် အင်တာမီလန်အသင်းမှ ထွက်ခွာပြီး မကြာမီတွင် ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟီလယ်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ချီဗူးသည် အင်တာမီလန်ခံစစ်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး အင်တာမီလန်ကစားသမားအဖြစ် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ခုနစ်ကြာ ကစားခဲ့ပြီး လိဂ်ဖလားကို သုံးကြိမ် ဆွတ်ခူးထားသူ ဖြစ်သည်။ ၎င်းသည် အင်တာမီလန်အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ၎င်းသည် ကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲအတွင်း အင်တာမီလန်အသင်းကို စတင်တာဝန်ယူကိုင်တွယ်သွားမည် ဖြစ်သည်။ အင်တာမီလန်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၇ ရက်တွင် မက္ကဆီကိုကလပ် မွန်တာရေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀.၆.၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၀-၁၁ ၌ ဖော်ပြခဲ့သော ကျေးလက်သူ (စိုက်သု - Farmer Channel) ၏ ဝါစိုက်ပျိုးရာ ကတင်ရွာ ဆောင်းပါးတွင် **"ပြည်ပစပ်မျိုး B-31 အနေဖြင့် တစ်ဧကအထွက် ၇၃၀ ပိဿာ ထွက်ရှိပြီး ရွှေတောင်-၁၀ အနေဖြင့် တစ်ဧကအထွက် ၆၂၀ ပိဿာ ထွက်ရှိသည်"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ

# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

ဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လူငယ်နှင့် စာပေကဏ္ဍကို အထူးအလေးနက်ထားပြီး လူငယ်များ စာဖတ်ခြင်း အလေ့အကျင့်ဖြစ်စေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် မှာကြားထားပါကြောင်း၊ ကလေးများ စိတ်ဝင်တစား ပျော်ရွှင်စွာဖြင့် စာဖတ်ချင်စိတ် ဖြစ်ပေါ်စေရေး အတွက် နည်းလမ်းအမျိုးမျိုး ဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ Community Center များတွင် ရုပ်ဖိရုပ်ဖများနှင့်အတူ ကလေးများကို စာဖတ်ဝိုင်း သို့မဟုတ် စာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ မန္တလေးငလျင်အလွန်တွင် လူငယ်များ ပညာသင်ကြားနိုင်ရေး အတွက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် Grade 12 ပြန်လည်ဖြေဆိုနိုင်ရေး အတွက် လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့သည် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် အလေးနက်ထားသည်ကို သိရှိနိုင်ပါကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး (ကိုယ်စား) အမြဲတမ်းအတွင်းဝန်က ၂၀၂၄ ခုနှစ်အတွင်း စာကြည့်တိုက်များ ဆောက်လုပ်ခဲ့မှု အခြေအနေ၊ ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အဖွဲ့ဝင်များက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန် မြှင့်တင်နိုင်ရေးတို့ အတွက် ပွဲတော်များဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ

## ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးကာ အမြန်ပြန်လည်ပြုပြင်နိုင်ရေးနှင့် မပြုပြင်မီကာလ အန္တရာယ်မဖြစ်အောင်လုပ်ဆောင်ရေးမှာကြား

**နေပြည်တော် ဇွန် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်အဆောက်အအုံထိခိုက်မှုများအား ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် အုတ်နံရံပြိုကျပျက်စီးမှုနှင့် အဆောက်အအုံထိခိုက်မှုအား ကြည့်ရှုစစ်ဆေးကာ ခွင့်ပြုငွေ ချထားပေးပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ အမြန်ပြုပြင်ရန် မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍(**ယာပုံ**) လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာများမှာကြားကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ နန်းမြို့ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ ပညာကြိုးစားသင်ယူရေး၊ စာတတ်မြောက်ရုံသာမက ဘက်စုံထူးချွန်သူများ၊ ဗလငါးတန် ပြည့်ဝသူများ၊ နိုင်ငံတော်က အားထားရသည့် လူငယ်များ၊ အနာဂတ် ခေါင်းဆောင်ကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ရေး၊ အသိပညာ တိုးတက်ပြည့်ဝရေးအတွက် စာပေလေ့လာဖတ်ရှုရေး၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း စည်းကမ်းကောင်းပြီး ဥပဒေကိုလေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရေး၊ မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက် စသည်တို့ကို ငယ်စဉ်ကတည်းက ရှောင်ရှားပြီး ကျန်းမာကြံ့ခိုင်အောင် ကြိုးစားရေး၊ မိဘဆရာများ၏ ကျေးဇူးကို သိရှိနားလည်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိတတ်သည့် ယဉ်ကျေးလိမ္မာ လူတော်လူကောင်းများ ဖြစ်စေရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ပေးအပ်သော အားကစားပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး ကျောင်းစာကြည့်တိုက်နှင့် စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။




ထို့နောက် အောင်မြေသာစံမြို့နယ် မြို့နယ်ရုံးနှင့် စာပေဗိမာန် စာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများ ပြုပြင်ရေးနှင့် အန္တရာယ်မဖြစ်စေရေး ဂရုစိုက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးကာ အမြန်ပြန်လည်ပြုပြင်နိုင်ရေးနှင့် မပြုပြင်မီကာလ အန္တရာယ်မဖြစ်အောင် လုပ်ဆောင်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေလ ၂၈ ရက်နေ့မှ ဇွန်လ ၃ ရက်နေ့အထိ အခြေအနေကို ၃-၆-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဇွန်လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ ရက်သတ္တပတ်တစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ နန်နင်းမြို့နှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော

*စာမျက်နှာ ၁၃ သို့*



အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။



တရုတ်နိုင်ငံ နန်နင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။



မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းပုံ။



Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခဲ့ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | ၆၈၃ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၃၀၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း မျိုးစုံ | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | ၁၉၄၂၃ | ၉၈၆၆ | ၇၅၁၂ | ၁၃၅၅ | ၄၃၄ | ၈၆ | ၁၃၀ | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၅၈၃ | ၁၀၉၄ | ၂၃၇၁ | ၉၆၅ | ၁၂၀ | ၃၃ | - | |
| | | ထုပ် | ၁၈၁၃ | ၇၀၂ | ၉၆၉ | ၇၅ | ၆၇ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၂၀ | ၄၈ | ၄၉ | ၁၁ | ၁၀ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၄၁ | ၁၃၃ | ၁၇၉ | ၁၆ | ၁၃ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

*စာမျက်နှာ ၁၂ မှ*
စားသောက်ကုန်၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်စားသောက်ကုန်များကို ဆောလျင်စွာ ဆက်လက်ဖြန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းကဲ့သို့ လှူဒါန်းပစ္စည်းများကို လှူဒါန်းခဲ့သည်နှင့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၄ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့မော်တော်ယာဉ် ၁၂ စီး စုစုပေါင်းတန်ချိန် ၂၄၂၇ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာ အလှူရှင်များက ၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ်တစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

ထပ်မံ လှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းပုံ။

### မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၁၃ | - | - | - | - | ၁၃ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၄၈ | - | - | - | - | ၄၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁၀၀ | - | - | - | - | - | ၁၀၀ | ဆက်လက်ဖြန့်ခွဲပါမည်။ |

### ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၇၈ | - | - | - | - | ၇၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၃၀ | - | - | - | - | - | ၃၀ | ဆက်လက်ဖြန့်ခွဲပါမည်။ |

❖ ***ကျော့ဖုံးမှ***

မိုးထက်အောင်သည် ONE နှင့် လေးပွဲမြောက် ထိုးသတ်ရမည်ဖြစ်ပြီး ပြီးခဲ့သည့်သုံးပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ ထိုင်းဖိုက်တာ ခွန်ပွန်နို့င်မှာမူ ONE နှင့် ခုနစ်ပွဲထိုးသတ်ထားရာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးပွဲတွင် မြန်မာဖိုက်တာ ဆွန်ရက်ကို အမှတ်ဖြင့် အနိုင်ရထားသည်။

စောမင်းမင်းမှာမူ ပထမဆုံးပွဲအဖြစ် ဩစတြေးလျဖိုက်တာ ဂျော့ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ ***ကျော့ဖုံးမှ***

နန္ဒကျော်၊ ဇော်ဝင်းသိန်း၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပါကစ္စတန်အသင်းကလည်း ခံစစ်အသားပေးကာ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။

ပထမပိုင်းတွင် မြန်မာအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေး သုံးကြိမ်ထက်မနည်းရသော်လည်း ၄၁ မိနစ်တွင် သန်းပိုင် သွင်းယူသည့် ဂိုးသာ ရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းကတည်းက အနိုင်ရနေခြင်းဖြစ်သည်။

**ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့**

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး အခွင့်အရေးကိုယ်စီရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု (E) တွင် မြန်မာအသင်းက နှစ်ပွဲကစား ခြောက်မှတ်ရထားပြီး ပါကစ္စတန်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**အဝေးကွင်းကစားရမည်**

မြန်မာအသင်းသည် အုပ်စု တတိယပွဲအဖြစ် အောက်တိုဘာ ၉ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# ဩစတြီးယားနိုင်ငံ ဒုတိယအကြီးဆုံး ဂရက်ဇ်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ပစ်ခတ်မှုဖြစ်ပွား၊ ၁၀ ဦးခန့် သေဆုံး

ဗီယင်နာ ဇွန် ၁၀

**ဩစတြီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဂရက်ဇ်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦးခန့် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇွန် ၁၀ ရက်တွင် ဖော်ပြထားသည်။**

အဆိုပါဖြစ်ရပ်ကြောင့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအပါအဝင် အများအပြားပြင်းထန်သောဒဏ်ရာများ ရရှိခဲ့ကြောင်းလည်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ဒေသမီဒီယာက ကိုးကားဖော်ပြထားသည်။ ဩစတြီးယားနိုင်ငံ၏ ထိပ်တန်းသတင်းစာတစ်စောင်ဖြစ်သည့် ခရိုနန်ဇိုက်တွန်၏ ဖော်ပြချက်အရ ပစ်ခတ်မှုမှာ လန်းခရိုင်ရှိ BORG စာသင်ကျောင်းတွင် ဇွန် ၁၀ ရက် နံနက် ၁၀ နာရီဝန်းကျင်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က သေနတ်သမားဟု သံသယရှိသူမှာ BORG ကျောင်းသားဟောင်းတစ်ဦးဖြစ်ပြီး အသက် ၂၂ နှစ်အရွယ်အမျိုးသားဖြစ်ကြောင်း အတည်ပြုခဲ့သည်။ အဆိုပါသံသယရှိသူမှာ မိမိကိုယ်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ဇွန် ၁၀ ရက်က စာသင်ကျောင်းပစ်ခတ်မှုမှာ ဩစတြီးယားနိုင်ငံသမိုင်းတွင် အပြင်းထန်ဆုံး ပစ်ခတ်မှုများထဲမှ တစ်ခုဖြစ်သည်ဟု ခရိုနန်ဇိုက်တွန်တွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ဒေသတွင်း ရဲတပ်ဖွဲ့များကို စေလွှတ်ထားကြောင်း၊ ရဟတ်ယာဉ်တစ်စင်းကိုလည်း ဖြန့်ကြက်ထားကြောင်း၊ စာသင်ကျောင်းအတွင်းရှိသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးဖြစ်ကြောင်းနှင့် နောက်ထပ်အန္တရာယ်မရှိတော့ကြောင်း ဒေသရဲတပ်ဖွဲ့က လူမှုကွန်ရက် X တွင် ရေးသားဖော်ပြထားသည်။

ဩစတြီးယားနိုင်ငံတောင်ပိုင်း စတိုင်ရီယာပြည်နယ်၏ မြို့တော် ဂရက်ဇ်သည် ကောလိပ်လေးခုနှင့် တက္ကသိုလ်လေးခုရှိသည့်အတွက် ကောလိပ်နှင့် တက္ကသိုလ်မြို့အဖြစ် လူသိများသည်။ **ဆင်ဟွာ**



ဂရက်ဇ်မြို့ရှိ ပစ်ခတ်မှုဖြစ်ပွားသည့် စာသင်ကျောင်းနေရာကို ရဲအရာရှိများ ကြည့်ရှုစစ်ဆေးနေမှုကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

# ဒေါ်နယ်ထရမ့်အစိုးရက လော့စ်အိန်ဂျလိစ်သို့ မရိန်းတပ်ဖွဲ့ဝင်များ စေလွှတ်

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒအပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြသူများကို တုံ့ပြန်ဆောင်ရွက်ရန် မရိန်းတပ်ဖွဲ့ဝင်များကို လော့စ်အိန်ဂျလိစ်မြို့သို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်းသည် အဆိုပါမြို့တွင် အစောပိုင်းက အမျိုးသားအစောင့်တပ်ဖွဲ့များကို ဖြန့်ကြက်ချထားပြီးဖြစ်သည်။ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို ဖြိုခွင်းမှုနှင့် ပတ်သက်ပြီး ပြီးခဲ့သည့် သီတင်းပတ်တွင် ဆန့်ကျင်ဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ပိသ်ဟက်ဂ်ဆက်သ်က လော့စ်အိန်ဂျလိစ်ဒေသသို့ မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ခန့် စေလွှတ်သွားမည်ဟု ဇွန် ၉ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ နိုင်ငံအတွင်း မငြိမ်မသက်မှုများကို နှိမ်နင်းရန် နောက်ဆုံးအကြိမ် မရိန်းတပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမှာ ၁၉၉၂ ခုနှစ် လော့စ်အန်ဂျလိစ်အဓိကရုဏ်းအတွင်းဖြစ်သည်ဟု ဝေါလ်စရီဂျာနယ်တွင် ဖော်ပြထားသည်။

ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်းက မရိန်းတပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆုံးဖြတ်ချက်သည် လွန်ကဲသည်ဟု ဝေဖန်ရှုတ်ချထားသည်။ လူဝင်မှုကြီးကြပ်ရေးမူဝါဒနှင့် ပတ်သက်ပြီး ဆန့်ကျင်ဆန္ဒပြမှုများသည် နယူးယောက်၊ ဆန်ဖရန်စစ္စကိုနှင့်တက္ကဆက်ရှိမြို့များ အပါအဝင် နိုင်ငံ၏ အခြားနေရာဒေသများသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# လျှပ်စစ်ကားများထုတ်လုပ်ရန် ပြည်ပကားထုတ်လုပ်သူများကို အိန္ဒိယဆွဲဆောင်

နယူးဒေလီ ဇွန် ၁၀



အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း၌ လျှပ်စစ်ကားများ ထုတ်လုပ်ရန် ပြည်ပကားထုတ်လုပ်သူများကို ဆွဲဆောင်သွားနိုင်မည့် အစီအစဉ်တစ်ခုကို ထုတ်ဖော်ပြသခဲ့သည်။

အိန္ဒိယတွင် လျှပ်စစ်ကားစက်ရုံများ တည်ထောင်ရန် ကတိပြုသော ပြည်ပကားထုတ်လုပ်သူများအတွက် သွင်းကုန်ခွန် သိသိသာသာလျှော့ချရန် အစိုးရက ကမ်းလှမ်းထားသည်။ စက်ရုံသစ်များတွင် ဒေါ်လာသန်း ၅၀၀ သို့မဟုတ် ထို့ထက်မကသော ရင်းနှီးမြှုပ်နှံသည့် ထုတ်လုပ်သူများသည် အဆိုပါသဘောတူညီချက်ကို ရရှိမည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် ကားထုတ်လုပ်မည့်သူများသည် ၎င်းတို့၏ လျှပ်စစ်ကားအရေအတွက် အကန့်အသတ်အပေါ် အခွန်စည်းကြပ်မှုကို ငါးနှစ်အတွင်း ၁၅ ရာခိုင်နှုန်းဖြင့် တင်သွင်းနိုင်မည်ဖြစ်သည်။ လက်ရှိတွင် အခွန်စည်းကြပ်မှုမှာ ၇၀ ရာခိုင်နှုန်းကျော်ရှိသည်။

အဆိုပါ အစီအစဉ်သည် တက်စ်လာကို ဆွဲဆောင်ရန် မူလက ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် နာရိန်ဒရာမိုဒီသည် ၎င်း၏ အမှုဆောင်အရာရှိချုပ် အီလွန်မက်ခ်နှင့် ယခုနှစ်အစောပိုင်းတွင် ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ သို့သော် လျှပ်စစ်ကားကုမ္ပဏီကြီးက လက်မှတ်မထိုးခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် လျှပ်စစ်ကားများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်တွင်းကားရောင်းချမှု၏ ၃၀ ရာခိုင်နှုန်းအထိ ရရှိစေချင်ကြောင်း သိရသည်။ လျှပ်စစ်ကားများသည် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကားရောင်းရငွေစုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ မိုးပိုနိုင်

တိုကျို ဇွန် ၁၀

ရာသီအလိုက် မိုးရွာသွန်းခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းခြင်းများကြောင့် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် မိုးရွာသွန်းခဲ့သည်။ ကျူရှူမြောက်ပိုင်းမှ ရီကိုကုဒေသအနီးအထိရှိသည့် အဆိုပါ မိုးရွာသွန်းခြင်းရပ်ဝန်းများသို့ ပူနွေးစိုစွတ်သည့် လေထုများ စီးဝင်နေသောကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လေထုမတည်ငြိမ်မှုများ ဖြစ်စေသည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားလိုက်သည်။

နံနက် ၁၁ နာရီအထိ တစ်နာရီအတွင်း မိုးရွာသွန်းမှုသည် ကူမာမိုတိုခရိုင် အမာကူဆာမြို့တွင် ၃၈ မီလီမီတာ၊ အိုအီတာခရိုင် ကူဆုမြို့တွင် ၃၄ မီလီမီတာအထိ ရှိခဲ့သည်။ ယခင် မိုးရွာသွန်းမှုများတွင် ဖူကူအိုကာခရိုင်များအတွင်း မြေပြိုမှုအန္တရာယ်ကို သိသိသာသာ တိုးမြင့်လာသောကြောင့် မိုးလေဝသတာဝန်ရှိသူများက အချို့နေရာများတွင် သတိပေးချက်များကို ထုတ်ပြန်ခဲ့သည်။

မိုးရွာသွန်းသည့် ရပ်ဝန်းများသည် ကျူရှူဒေသအနီးတွင် ဇွန် ၁၁ ရက်အထိ ဆက်လက်ရှိနေမည်ဟု မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ ထို့ကြောင့် မြေပြိုခြင်းနှင့် မြေနိမ့်ဒေသများတွင် မြစ်ချောင်းရေလျှံခြင်းနှင့် ရေကြီးခြင်းများကိုသတိပြုရန် ဒေသခံများကို မိုးလေဝသအေဂျင်စီက အကြံပြုထားသည်။

မိုးရွာသွန်းမှုနှင့် တိမ်ထူထပ်သည့်အခြေအနေများ လာမည့်ခုနစ်ရက်အထိ ဆက်လက်တည်ရှိနေနိုင်သည့်အတွက် အဆိုပါဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်မည်ဟု မိုးလေဝသအေဂျင်စီက ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ငလျင်ကြောင့် သေဆုံးသူနှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှု လျှော့ချရေး ဂျပန်ဆောင်ရွက်

တိုကျို ဇွန် ၁၀

ဂျပန်အစိုးရသည် နိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းအလွန် နန်ကိုင်းထရော့သ်တွင် ဖြစ်ပေါ်လာနိုင်သော ကြီးမားပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် သေဆုံးသူအရေအတွက်နှင့် အဆောက်အအုံထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျှော့ချရေးနှင့်ပတ်သက်ပြီး ပန်းတိုင်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အစိုးရက ၂၀၁၄ ခုနှစ်တွင် ဘေးအန္တရာယ်လျှော့ပါးရေး ပန်းတိုင်များချမှတ်ခဲ့ရာ ယင်းပန်းတိုင်များတွင် သေဆုံးသူအရေအတွက်ကို ၈၀ ရာခိုင်နှုန်းခန့်နှင့် အဆောက်အအုံထိခိုက်ပျက်စီးမှုကို ၅၀ ရာခိုင်နှုန်းခန့် လျှော့ချရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ သို့သော်လည်း ယခုနှစ်မတ်လအတွင်း ထုတ်ပြန်ခဲ့သည့် ပျက်စီးဆုံးရှုံးမှု ခန့်မှန်းချက်အသစ်အရ အဆိုးရွားဆုံးအခြေအနေတွင် လူပေါင်း ၂၉၈၀၀၀ သေဆုံးနိုင်ပြီး အဆောက်အအုံပေါင်း ၂ ဒသမ ၃၅ သန်း ပျက်စီးဆုံးရှုံးနိုင်သည်ဟု ဖော်ပြထားသည်။ ယင်းကိန်းဂဏန်းများမှာ ဘေးအန္တရာယ်လျှော့ပါးရေး ပန်းတိုင်များနှင့် ကိုက်ညီမှုမရှိသေးကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲအောင်မြင်ရေးအတွက် မဲစာရင်းမှန်ကန်ရေးသည် အခြေခံအကျဆုံးလုပ်ငန်းများဖြစ် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး အလေးထားကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။






အခမ်းအနားသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟို ကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟို ကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင် ကိုယ်စားလှယ်များက သက်ဆိုင်ရာ နယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အစိုးရ၏ အဓိကရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင် စာရင်းတိကျမှန်ကန်စေရန် အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစာရင်း အချက်အလက်များ ပြည့်စုံမှန်ကန်ရန် လိုအပ်ပါကြောင်း၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာတွင် မိမိတို့ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများ၌ရှိသည့် ရုံးလက်ခံ အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

သို့ရာတွင် မြေပြင်တွင်နေထိုင်ခြင်း မရှိသော်လည်း ရုံးလက်ခံ အိမ်ထောင်စုစာရင်းတွင် ပယ်ဖျက်ထားခြင်းမရှိသူများ၊ လူတစ်ဦးတည်းက အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုထက်မက ပါဝင်နေသူများ၊ လူတစ်ဦးတည်းက နိုင်ငံသားစိစစ်ရေးနံပါတ်တစ်ခုထက်မက ကိုင်ဆောင်ထားသူများ ပါဝင်နေပါကြောင်း၊ ရုံးလက်ခံ အိမ်ထောင်စုလူဦးရေစာရင်းတွင် မပါဝင်သူများကိုလည်း ယာယီအိမ်ထောင်စုလူဦးရေစာရင်းဖြင့် စာရင်းကောက်ယူခဲ့ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်အရ သတ်မှတ်ထားသည့် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မှု (De Facto Method) ဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်သူများ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းကောက်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ မြေပြင်ကွင်းဆင်း အတည်ပြုလူဦးရေစာရင်းနှင့် သန်းခေါင်စာရင်းလူဦးရေသည် ကာလအားဖြင့် (၂) နှစ်ခန့် ကွာခြားနေပြီဖြစ်ရာ လူဦးရေကွာဟချက်အခြေအနေများကို သိရှိနိုင်ရေးနှင့် အချက်အလက် ပိုမိုပြည့်စုံမှန်ကန်စေရေးအတွက် အဆိုပါစာရင်းနှစ်ခုကို မြို့နယ်အဆင့်မှသည် အခြေခံကျကျ အဆင့်ဆင့်စနစ်တကျ နှိုင်းယှဉ်သုံးသပ် တိုက်ဆိုင်စိစစ်၍ မဲစာရင်းတိကျမှန်ကန်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြုလူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပန်းခင်းစီမံချက် အဆင့်(၃) အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အခြေခံကျသည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးတို့အတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသား / အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး ဇွန် ၁၀

**ပဲခူးမြို့ ဥဿာမြို့သစ်(၅)ရပ်ကွက်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်ကစားသမားများ ပေါ်ထွက်လာစေရေး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆) ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးသည်။**




ဦးစွာ အမျိုးသား/အမျိုးသမီး မီတာ (၁၀၀)၊ မီတာ (၄၀၀) (၄)ယောက်တွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးတံခွန်စိုက် ပထမဆုရရှိသော ပြည်ခရိုင်အသင်းအား ဆုဖလားနှင့် ငွေသားဆု ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ အမျိုးသားတံခွန်စိုက် ပထမဆုရရှိသော ပြည်ခရိုင်အသင်းအား ဆုဖလားနှင့် ငွေသားဆုငွေကျပ်ငါးသိန်းကို လည်းကောင်း၊ အမျိုးသား/ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆု ရရှိသော ပြည်ခရိုင်အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းအား လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆) ခရိုင် အသက် (၁၈) နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို ဇွန် ၉ ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ်တလင်း စသည့်ခရိုင် (၆) ခရိုင်အတွင်းရှိ အမျိုးသား/ အမျိုးသမီး အားကစားသမား ၁၀၂ ဦးပါဝင်ကာ မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀) (ကျား/မ)၊ မီတာ ၃၀၀၀(မ)/မီတာ ၅၀၀၀ (ကျား) အပြေးပြိုင်ပွဲများ၊ တန်းမြင့်ခုန်၊ အလျားခုန်၊ သုံးဆင့်ခုန် အားကစားနည်းများ၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ်၊ မီတာ (၁၀၀) (၄) ယောက်တွဲ လက်ဆင့်ကမ်း၊ မီတာ (၄၀၀) (၄) ယောက်တွဲ လက်ဆင့်ကမ်း စသည့် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးလူမွန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ဖိုရမ်သို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ဇွန် ၅ ရက်မှ ၆ ရက်အထိ ပထမအကြိမ် ကျင်းပပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ဖိုရမ်သို့ တက်ရောက်ခဲ့သည်။



ဇွန် ၅ ရက်က ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ Dmitry Yuryevich Grigorenko ၊ Nizhny ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ Gleb Nikitin နှင့် တာဝန်ရှိသူများ၊ နိုင်ငံပေါင်း ၁၁၀ မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်ကျင်းပစဉ် ကာလအတွင်း ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး ဆက်သွယ်ရေးနှင့် မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ Bella Cherkesova နှင့် အလုပ်သဘော သီးခြားတွေ့ဆုံ၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ဒစ်ဂျစ်တယ် နည်းပညာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန်၊ ဒေသတွင်း နည်းပညာကွာဟမှုလျှော့ချရေး အပါအဝင်အဆင်သင့်ဖြစ်မှု၊ အားသာချက်နှင့် စိန်ခေါ်မှုတို့နှင့် ရုရှား -မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ Sergey Vershinin ဦးဆောင်ကျင်းပပြုလုပ်သည့် ဝန်ကြီးအဆင့် သီးခြားဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြခန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

ဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တက်ရောက်လာကြသည့် နိုင်ငံများမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးဝင်း အတွင်း Modular Container House များ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ အသစ်ထပ်မံတည်ဆောက်မည့် မြေနေရာများအား ရွေးချယ်သတ်မှတ်ပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**အထူးဈေးနှုန်းဖြင့် ရောင်းချပေး**

ထို့နောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်အတွင်း၌ ခရိုင်မီးသတ်ဦးစီးဌာနက ကျင်းပပြုလုပ်သည့် ရေပြင်အသက်ကယ်သရုပ်ပြ လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အသက်ကယ်လှေများဖြင့် သရုပ်ပြခြင်းနှင့် လက်တွေ့ ရေပြင်ကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ TOP Myanmar ပီနံအိတ်စက်ရုံနှင့် KIYO-MYANMAR Healthy Friut & Veggie Chips စက်ရုံတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများပြန်လည်လည်ပတ်နေမှုများ၊ ဘဲလင်းကျေးရွာရှိ မြင့်မိုရ်တောင်ဘုရားနှင့် နှစ်ဆူတောင် ဘုန်းတော်ကြီးကျောင်းတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ဥယျာဉ်ငယ်ကျေးရွာ ဥယျာဉ်လေးပရဟိတ ဘုန်းကြီးကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဥယျာဉ်လေး ပရဟိတဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ စဉ့်ကိုင်မြို့နယ် အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့ဆေးရုံများ၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇွန် ၁၀**

ပြည်သူ့ဆေးရုံများ၏ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၉ ရက်မှ ၁၀ ရက်အထိ မန္တလေးပြည်သူ့ဆေးရုံကြီးရှိ မန်းတောင်ရိပ် (၉) ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်း၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦး၊ ဆေးရုံအုပ်များ၊ မန္တလေးမြို့ရှိ ဗဟိုအဆင့် ဆေးရုံကြီးများမှ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ အထက်တန်းသူနာပြုများ၊ သူနာပြုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အက်စ်ဘန်တောင်က ကုသရေးဦးစီးဌာန၏ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ညွှန်ကြားရေးမှူး (သူနာပြု) တို့က ပြည်သူ့ဆက်ဆံရေး Public Relation (PR)၊ ပြည်သူ့ဆေးရုံများတွင် ပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် လူနာများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်မှုကို အချင်းချင်းအချိတ်အဆက် ကောင်းမွန်စွာဖြင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးခင်မောင်လတ်တို့သည် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ရန်အောင်မြင်)နှင့် အမှတ်-၁၈ အခြေခံပညာအထက်တန်းကျောင်းများ သွားရောက်ပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းအိပ်၊ ကျောင်းစားထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဆန်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇဌာနီလမ်းမကြီး ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပျက်စီးခဲ့သည့် လမ်းပိုင်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ရေး၊ လမ်းခင်းရာတွင် ကျောက်များအသုံးပြုရာ၌ သတ်မှတ်နည်းပညာနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အတွင်း တာဝန်ရှိသူများက အချိန်ပြည့် ကြပ်မတ်ဆောင်ရွက်ရေးနှင့်လုပ်ငန်းများ အပိုင်းလိုက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေး




**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူထုအခြေပြုဇဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်အောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က မီးခိုးမြူငွေ့ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်အပေါ် ကျရောက်နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အခြေအနေများကို ပြည်သူများ သိရှိစေရန် အသိပညာပေးကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ စုပေါင်းစိုက်ပျိုးကြသည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက တက်ရောက်လာသူများထံ ပျိုးပင်များ ပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ စုစုပေါင်း ၂၅၀ ခန့်ဖြင့် မန်ကျည်းရွာ ၄၅၀၊ မဟော်ဂနီ ၃၀၀၊ ကျွန်း ၃၀ နှင့် ပျဉ်းကတိုး ၂၀ ပျိုးပင်ပေါင်း ၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။



**ရဲကိုမောင် (ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်

**ဓနုဖြူ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် ဒေသအပူချိန် လျှော့ချနိုင်စေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက နန်းတော်ကုန်းကျေးရွာအုပ်စု မီးရထားဘူတာဝင်း၌ စုပေါင်းစိုက်ပျိုးသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမင်းအေးချမ်းဇွန်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံ ပြည်သူများ စုစုပေါင်း ၄၀၀ ခန့်တို့က မန်ကျည်းရွာပင် ၁၅၀၊ ကျွန်း ၁၀၁ ပင်၊ မဟော်ဂနီပင် ၂၀၀၊ စိန်ပန်း ၅၁ ပင်၊ ကံ့ကော် နှစ်ပင်၊ ပျဉ်းကတိုး နှစ်ပင် စုစုပေါင်း ၅၀၆ ပင် စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်၌ ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဖြန့်ဝေ

**စဉ့်ကိုင် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ကန်တွင်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ခုနှစ် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးက စိုက်ပျိုးမည့်တောင်သူများ မျိုးကောင်း မျိုးသန့်သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ကြရန်၊ မြေဆီမြေဩဇာ ထက်သန်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့် နည်းစနစ်များ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မို့မို့စိုး၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံဦးစီးအရာရှိဒေါ်ရီရီဌေး၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သီတာစိန်တို့က မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းပညာများနှင့် ပတ်သက်၍ မျိုးကောင်း၊ မျိုးသန့်သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက် အချိုးကျသုံးစွဲရေး၊ ပိုးမွှားရောဂါ၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်းနှင့် ပိုးသတ်ဆေး စနစ်တကျ သုံးစွဲရေး၊ ဝါအရည်အသွေးကောင်းစေရေး စသည့်နည်းပညာများကို ဆွေးနွေးပို့ချသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**



## သထုံမြို့နယ်၌ KBT ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြ

**သထုံ ဇွန် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ မိုးစပါးရာသီ KBT ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်က မြေနီကုန်းကျေးရွာ ကွင်းအမှတ်(၆၄၆) ဦးပိုင်အမှတ် ၆/၁ တောင်သူ ဦးသာဆန်း၏ ပေါ်ဆန်းရင်စပါးစိုက်ခင်း၌ ပြုလုပ်ရာ သထုံခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ခန့်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမင်းတင်နွယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောခင်ကျော်မြင့်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမြင့်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှူး ဦးမျိုးလွင်နှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကာ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာ၌ ရရှိမည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့် နည်းပညာပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

အဆိုပါကွင်းသရုပ်ပြသရာသို့ သထုံမြို့နယ်အတွင်းရှိ မြေနီကုန်း၊ တောစွန်း၊ ဆင်ဖြူကျွန်းကျေးရွာတို့မှ မိုးစပါးစိုက်တောင်သူ ၃၀ ကျော် တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဇလွန်မြို့၌ ဆန်၊ စားအုန်းဆီနှင့် ကြက်ဥများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ဇလွန် ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ညောင်ပင်ဈေးရပ်ကွက်၌ ယနေ့နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်များ ဖြစ်သော ဆန်၊ စားအုန်းဆီနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည်။

ယင်းသို့ ရောင်းချရာတွင် အခြေခံစားသောက်ကုန် ဆင်းသုခ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ နှုန်း၊ ဆီငါးဆယ်ကျပ်သား တစ်ဘူးလျှင် ငွေကျပ် ၃၅၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၃၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ယင်းသို့ရောင်းချပေးနေမှုအား ဟင်္သာတခရိုင် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။



မြို့နယ်( ပြန်/ဆက် )

## ဘားအံမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

ဘားအံ ဇွန် ၁၀

ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနမှကြီးကြပ်၍ ရေပြင်ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ဘားအံခရိုင်မီးသတ်စခန်း၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက အမှာစကားပြောကြားပြီး သင်တန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများထောက်ပံ့ပေးအပ်ကာ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအသင်းများမှအဖွဲ့ဝင် စုစုပေါင်း ၅၀ တက်ရောက်သင်ကြားကာ ရေပြင်အသက်ကယ်နှင့်ပတ်သက်၍ စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြိတ်မြို့၌ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေးဆွေးနွေး



မြိတ် ဇွန် ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ငွေများ အပြည့်အဝကောက်ခံရရှိရေး၊ အခွန်လွတ်ကင်းမှု၊ လျော့နည်းမှု၊ ရှောင်တိမ်းမှုမရှိစေရေးတို့အတွက် ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးသည်။

အခွန်ပညာပေးရှင်းလင်းဆွေးနွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိဏ်းက အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဇွန် ၁၀

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ စပါးစေ့ကျေးရွာအနီးသို့အရောက် ရုတ်တရက်စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ပျက်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လေယာဉ်စက်ချွတ်ယွင်းမှုအကြောင်းအရင်းအား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

နေပြည်တော် ဇွန် ၁၀

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ရန်နိုင်ထက်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ ရန်နိုင်ထက်(ခ)ရန်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ချမ်းမြသာစည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ကိုးဦးတို့ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၀

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန် ၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ နယ်မြေခံသင်တန်းကျောင်း အုတ်တံတိုင်းဘေးတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ "ဝါဖူး" အထည်ချုပ်စက်ရုံမှ ကြာဖြူကန်ကျေးရွာနေ ဦးဝင်းကျော် ၄၀ နှစ် မောင်းနှင်ပြီး အထည်ချုပ်ဝန်ထမ်းများ လိုက်ပါလာသည့် 9B/1349 Isuzu Canda မော်တော်ယာဉ်သည် အဆိုပါနေရာအနီးအရောက်၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဝါဖူးအထည်ချုပ်စက်ရုံမှ အလုပ်သမားများဖြစ်သည့် ကျော်ရဲအောင် (၃၃) နှစ်၊ ဒေါ်မြမြဆင့်(၄၅)နှစ်၊ ဒေါ်ထွေးထွေးရီ (၄၁)နှစ်၊ မအိပိုပိုသက်(၂၃)နှစ်၊ မအေးမာထွန်း (၄၃)နှစ်၊ မဇင်မာသင်း(၂၉)နှစ်၊ မအိအိပြုံး (၃၅)နှစ်၊ မဝေနှင်းစိုး(၂၈)နှစ်၊ မလေးလေးနွယ် (၅၀)နှစ်၊ မနွယ်နွယ်ဝါ (၃၃)နှစ်၊ စုစုပေါင်း အမျိုးသားတစ်ဦး၊ အမျိုးသမီးကိုးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## မိတ္ထီလာမြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**မိတ္ထီလာ ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၁၀ ရက် ညနေ ၄ နာရီက မြို့နယ်လူမှုဖူလုံရေးရုံး၌ ပေးအပ်ခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ထောက်ပံ့ရေးတပ်ခွဲကုန်တင်ကုန်ချအလုပ်ဌာနမှ အာမခံအလုပ်သမား ဦးပေါ်စိန်သည် မန္တလေးလျှင်ကြီးဒဏ်ကြောင့် ဆန်ဂိုဒေါင်တွင် ဆန်အိတ်ပုံများ ပြိုကျကာပိမိပြီး ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၅၀၀၀၀၀၀ ကို သေဆုံးသူ၏သမီးဖြစ်သူ ဒေါ်ဖြူဖြူဝင်းထံသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် လက်ဝယ်အရောက် စနစ်တကျ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တောင်ဥက္ကလာပမြို့နယ်၌ Pfizer COVID-19 JN1 ကိုဗစ်ကာကွယ်ဆေးထိုးနှံ



**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ Pfizer COVID–19 JN1 ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်အေးအေးမိုးကဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား လာရောက်ထိုးနှံပေးကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ပေါင် ဇွန် ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်တပ်ဖွဲ့မှဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ကြသည်။



ထိုသို့ သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြတ်ကိုကိုက မုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်သည့် မုန်တိုင်းမဖြစ်မီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီး အချိန်တို့တွင် ဆောင်ရွက်ရမည့်အချက်များ၊ ဘေးအန္တရာယ်ကြုံတွေ့လာပါက ပြင်ဆင်ရန်လိုအပ်သည်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေများနှင့် သတိပြုရမည့်အချက်များ စသည်တို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး ပရဟိတအဖွဲ့ဝင်များက မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်သူများအား ရှေးဦးပြုစုပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မိမိတို့၏ ဘေးကင်းလုံခြုံရေးသတိပြုခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများ အသုံးပြုခြင်း စသည်တို့ကို သရုပ်ပြသ လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**မြောင်းမြ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ အခြေခံစားသောက်ကုန်များကို ဇွန် ၂ ရက်မှစ၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်ဆန်းလမ်းနှင့် (၇)လမ်းထောင့်တွင် ဆက်လက်ရောင်းချပေးလျက်ရှိသည်။ ဆန်၊ ဆီ၊ ကြက်ဥနှင့် ဘဲဥများကို မြောင်းမြခရိုင်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီမှ ဈေးရောင်းအဖွဲ့ ငါးဖွဲ့အားဖွဲ့စည်းတာဝန်ပေး၍ အခြေခံစားကုန်များကို မူလဈေးနှုန်းအောက်လျှော့ချရောင်းချပေးလျက်ရှိရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**





## ပြည်မြို့ တက္ကသိုလ် / ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ၌ အခြေခံစားသောက်ကုန်များရောင်းချပေး

**ပြည် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ပြည်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆန်/ဆီ လုပ်ငန်းရှင်များ၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များကိုယ်တိုင်စိုက်ပျိုး/ထုတ်လုပ်ရောင်းချသူများပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပြည်မြို့ရှိ ပြည်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ပြည်နည်းပညာတက္ကသိုလ်၊ ပြည်ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ပြည်)တို့၌ ဈေးကားများဖြင့် အခြေခံစားသောက်ကုန်မျိုးစုံကို ဈေးနှုန်းသက်သာစွာ သွားရောက်ရောင်းချပေးကြသည်။

ထိုသို့ရောင်းချပေးရာတွင် တက္ကသိုလ်/ဒီဂရီကောလိပ်ကျောင်းများမှ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် အဆောင်နေကျောင်းသား ကျောင်းသူများအား ဆန်၊ ဆီနှင့် ကြက်ဥများအပါအဝင် အခြေခံစားသောက်ကုန်များနှင့် အသားငါးများ၊ ဒေသထွက်ဟင်းသီးဟင်းရွက်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခဲ့ကြပြီး ထိုသို့ရောင်းချပေးနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



